# အပြည်ပြည်ဆိုင်ရာဝင်/ထွက်ဂိတ်များနှင့် နယ်စပ်ဝင်/ထွက်ဂိတ်များမှ မြန်မာနိုင်ငံသို့ဝင်ရောက်လာမည့် ခရီးသွားများအတွက် အသွားအလာကန့်သတ်မှုနှင့် ခာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းဆောင်ရွက်မည့်အစီအစဉ် (၃၀-၁-၂၀၂၂)

## ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးသူများတွင် ဆောင်ရွက်မည့်အစီအစဉ်

၁။ မြန်မာနိုင်ငံသို့ မလာရောက်မီ လွန်ခဲ့သော(၁၄)ရက်ကျော်က ကျန်းမာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် အောက်ပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးကြောင်း ကာကွယ်ဆေးထိုး အထောက်အထားလက်မှတ် ပြသနိုင်ရမည်-

- CoronaVac (Sinovac Biotech Ltd.)
- AstraZeneca or Covishield (AstraZeneca & University of Oxford/ SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc.,& BioNTech)
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)
- Moderna (ModernaTX,Inc.)
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co.Ltd)
- Sputnik V(Gam-COVID-Vac)(Gamaleya National Research Centre of Epidemiology and Microbiology)
- Covaxin by Bharat Biotech

၂။ နိုင်ငံခြားသားခရီးသည်များအနေဖြင့် မြန်မာနိုင်ငံသို့မလာရောက်မီ လွန်ခဲ့သော(၇၂)နာရီအတွင်း ကိုဗစ်-၁၉ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထားသည့် ဓာတ်ခွဲအဖြေအား စတင် ခရီးထွက်ခွာမည့်လေဆိပ်နှင့်ခရီးစဉ်အတွင်းရှိလေကြောင်းလိုင်းများ၊ မြန်မာနိုင်ငံသို့ဝင်ရောက်သည့်လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ပြသရန်၊

၃။ မြန်မာနိုင်ငံသို့ ဝင်ရောက်သည့်လေဆိပ်နှင့်ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေးကြေညာချက် (Health Declaration card) အား သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံပြသရန်၊

၄။ သက်ဆိုင်ရာကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၅။ ကိုယ်အပူချိန်မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ရန်၊

၆။ မြန်မာနိုင်ငံသားများအား သတ်မှတ် Quarantine Center (သို့မဟုတ်) သတ်မှတ် Hotel များတွင် အသွားအလာကန့်သတ်ခြင်း(၁၀)ရက် ဆောင်ရွက်ရန်၊

၇။ နိုင်ငံခြားသားများအား သတ်မှတ် Hotel များတွင် အသွားအလာကန့်သတ်ခြင်း (၁၀)ရက် ဆောင်ရွက်ရန်၊

၈။ မြန်မာနိုင်ငံသို့မလာရောက်မီ လွန်ခဲ့သော (၇၂)နာရီအတွင်း ကိုဗစ်-၁၉ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထားသော ဓာတ်ခွဲအဖြေပါရှိသည့် နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၁)ရက်နှင့် (၉)ရက်တို့တွင် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပြီး နိုင်ငံခြားသားခရီးသည်များအနေဖြင့် ကုန်ကျစရိတ်များအား ကိုယ်တိုင်ကျခံရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ မလာရောက်မီ လွန်ခဲ့သော (၇၂)နာရီအတွင်း ကိုဗစ်-၁၉ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထားသည့် ဓာတ်ခွဲအဖြေ မပါရှိသူများအနေဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၁)ရက်၊ (၃)ရက်နှင့် (၉) ရက်နေ့တို့တွင်ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမည်ဖြစ်ပါသည်။

၉။ နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအား သတ်မှတ် Quarantine Center (သို့မဟုတ်) သတ်မှတ် Hotel များတွင် အသွားအလာကန့်သတ်ခြင်း (၁၀)ရက် ဆောင်ရွက်ရန်၊

- ထိုသို့ အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ရာတွင်
  - ၀ သီးခြားလုံးချင်းနေအိမ်တွင် နေထိုင်မည့်သူဖြစ်ပါကHotel Quarantine ဝင်ရောက်ပြီးနောက် မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၁)ရက်မြောက်နေ့နှင့် (၃)ရက်မြောက်နေ့တို့တွင် RT-PCR နည်းဖြင့် စစ်ဆေးရန်၊ Negative ထွက်ပါက သီးခြားလုံးချင်းနေအိမ်တွင် အသွားအလာကန့်သတ်ခြင်း

ဆက်လက်ဆောင်ရွက်ရန်၊ (၉) ရက်မြောက်နေ့တွင် ဓာတ်ခွဲစစ်ဆေးခြင်း ဆောင်ရွက်ရန်နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့်အဖြေအား ကျန်းမာရေးဌာနသို့ မပျက်မကွက်ပေးပို့ရန်၊

၀ ကွန်ဒိုများနှင့်တိုက်ခန်းများတွင် နေထိုင်သူများဖြစ်လျှင် သတ်မှတ် Hotel များတွင်သာ အသွားအလာကန့်သတ်ခြင်းဆောင်ရွက်၍ မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၁)ရက်နှင့် (၉)ရက်တို့တွင် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်ရန်၊

၀ နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကို သံတမန်အဆင့် သတ်မှတ်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန်၊

၀ အကယ်၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိပါက

- ရောဂါလက္ခဏာမရှိသည့် နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများသည်ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများထားရှိသည့် ဟိုတယ်/ကုသရေးစင်တာ/ ဆေးရုံများသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။
- ရောဂါလက္ခဏာရှိသည့် နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများ ထားရှိသည့် ဆေးရုံများသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီးဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။

၁၀။ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများ ထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေး

စောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး နိုင်ငံခြားသားများအနေဖြင့် ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။မြန်မာနိုင်ငံသားများအနေဖြင့် သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။

**ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများတွင် ဆောင်ရွက်မည့်အစီအစဉ်**

၁။ နိုင်ငံခြားသားခရီးသည်များအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ လွန်ခဲ့သော (၇၂)နာရီအတွင်း ကိုဗစ်-၁၉ ကင်းရှင်းကြောင်း RT-PCR နည်းဖြင့် စစ်ဆေးထားသည့် ဓာတ်ခွဲအဖြေအား စတင်ခရီးထွက်ခွာမည့်လေဆိပ်နှင့်ခရီးစဉ်အတွင်းရှိလေကြောင်းလိုင်းများ၊မြန်မာနိုင်ငံသို့ဝင်ရောက်သည့်လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ပြသရန်၊

၂။ မြန်မာနိုင်ငံသို့ဝင်ရောက်သည့်လေဆိပ်နှင့် ဝင်/ထွက်ဂိတ်များတွင် ကျန်းမာရေးကြေညာချက် (Health Declaration card) အား သက်ဆိုင်ရာကျန်းမာရေးအရာရှိထံပြသရန်၊

၃။ သက်ဆိုင်ရာကျန်းမာရေးအရာရှိမှ ခရီးသည်များတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများအား လက်ခံဆောင်ရွက်ရန်၊

၄။ ကိုယ်အပူချိန်မြင့်တက်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ တွေ့ရှိသည့် ခရီးသည်များအား သီးခြားထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပို့ဆောင်ရန်၊

၅။ မြန်မာနိုင်ငံသားများအား သတ်မှတ် Quarantine Center (သို့မဟုတ်) သတ်မှတ် Hotel များတွင် အသွားအလာကန့်သတ်ခြင်း(၁၄)ရက် ဆောင်ရွက်ရန်၊

၆။ နိုင်ငံခြားသားများအား သတ်မှတ် Hotel များတွင် အသွားအလာကန့်သတ်ခြင်း (၁၄)ရက် ဆောင်ရွက်ရန်၊

၇။ နိုင်ငံခြားသားခရီးသည်များနှင့် မြန်မာနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၁)ရက်၊ (၃)ရက်နှင့် (၁၁) ရက်တို့တွင် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်

စစ်ဆေးမည်ဖြစ်ပြီး နိုင်ငံခြားသားခရီးသည်များအနေဖြင့် ကုန်ကျစရိတ်များအား ကိုယ်တိုင်ကျခံရမည်ဖြစ်ပါသည်။

၈။ နိုင်ငံခြားသံအရာရှိများနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအား သတ်မှတ် Quarantine Center (သို့မဟုတ်) သတ်မှတ် Hotel များတွင် အသွားအလာကန့်သတ်ခြင်း(၁၄)ရက် ဆောင်ရွက်ရန်၊

- ထိုသို့ အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ရာတွင်
  - သီးခြားလုံးချင်းနေအိမ်တွင် နေထိုင်မည့်သူဖြစ်ပါက Hotel Quarantine ဝင်ရောက်ပြီးနောက် မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၁)ရက်မြောက်နေ့နှင့် (၃)ရက်မြောက်နေ့တို့တွင် RT-PCR နည်းဖြင့် စစ်ဆေးရန်၊ Negative ထွက်ပါက သီးခြားလုံးချင်းနေအိမ်တွင် အသွားအလာကန့်သတ်ခြင်း ဆက်လက်ဆောင်ရွက်ရန်၊ (၁၁) ရက်မြောက်နေ့တွင် ဓာတ်ခွဲစစ်ဆေးခြင်း ဆောင်ရွက်ရန်နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးသည့်အဖြေအား ကျန်းမာရေးဌာနသို့ မပျက်မကွက်ပေးပို့ရန်၊
  - ကွန်ဒိုများနှင့်တိုက်ခန်းများတွင် နေထိုင်သူများဖြစ်လျှင် သတ်မှတ် Hotel များတွင်သာ အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်၍ မြန်မာနိုင်ငံသို့ရောက်ရှိပြီး (၁)ရက်၊ (၃) ရက်နှင့် (၁၁) ရက်တို့တွင် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ RT-PCR နည်းဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေး ဆောင်ရွက်ရန်
  - နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကို သံတမန်အဆင့် သတ်မှတ်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှသတ်မှတ်ချက်များအတိုင်းဆောင်ရွက်ရန်၊
  - အကယ်၍ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိပါက
    - ရောဂါလက္ခဏာမရှိသည့် နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများသည် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများ ထားရှိသည့် ဟိုတယ်/ကုသရေးစင်တာ/ ဆေးရုံများသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး

ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည် ဖြစ်ပါသည်။

- ရောဂါလက္ခဏာရှိသည့် နိုင်ငံခြားသံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများ ထားရှိသည့် ဆေးရုံများသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။

၉။ ကိုဗစ်-၁၉ ရောဂါတွေ့ရှိသည့် ခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ထားသော ရောဂါအတည်ပြုလူနာများထားရှိသည့် ဆေးရုံ/ကုသရေးစင်တာ/ဟိုတယ်များသို့ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူရမည်ဖြစ်ပြီး နိုင်ငံခြားသားများအနေဖြင့် ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများအနေဖြင့် သတ်မှတ်ဟိုတယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူမည်ဆိုပါက ဆေးကုသမှုစရိတ်များနှင့် အခြားကုန်ကျစရိတ်များအား မိမိစရိတ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။

**အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း**

၁။ မြန်မာနိုင်ငံသို့ အထူးလေကြောင်းခရီးစဉ်များဖြင့် လာရောက်သော အရေးကြီးပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီမံကိန်းများအတွက်လာရောက်သော ပညာရှင်များအနေဖြင့် အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများအား သီးခြားအစီအစဉ်ဖြင့် ဆောင်ရွက်ရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ ရုံးဖွင့်ရက်(၅)ရက်ကြိုတင်လျှောက်ထားပြီးခွင့်ပြုချက်တောင်းခံနိုင်ပါသည်။

**Testing and Quarantine Requirements for International Travellers to Myanmar (30-1-2022)**

**Requirements for fully vaccinated travellers**

1. Travellers who arefully vaccinated with one of the following vaccines approved by Ministry of Health for more than 14 days prior to departure and travellers must submit their vaccination card.

- CoronaVac (Sinovac Biotech Ltd.)
- AstraZeneca or Covishield (AstraZeneca & University of Oxford/ SK Bioscience (Korea) /Siam BioScience/ Serum Institute of India (SII))
- Pfizer- BioNTech COVID-19 Vaccine or Comirnaty (Pfizer Inc.,& BioNTech)
- Janssen or Johnson & Johnson (Janssen Pharmaceuticals Companies of Johnson & Johnson)
- Moderna (ModernaTX,Inc.)
- Sinopharm or COVILO or BIBP-CorV (Beijing Institute of Biological Products Co.Ltd)
- Sputnik V(Gam-COVID-Vac)(Gamaleya National Research Centre of Epidemiology and Microbiology)
- Covaxin by Bharat Biotech

2. Foreigners are required to present laboratory evidence of absence of COVID-19 infection (RT-PCR) issued no more than 72 hours prior to the date of departure from the origin airport before boarding to any airline destined for Myanmar and to the airport upon arrival to Myanmar.

3. Travellers must submit health declaration card to Health officials present at the airport upon arrival to Myanmar.

4. Thermal screening would be carried out in respect of all the passengers by the Health officials present at the airport.

5. The travellers found to be symptomatic during screening shall be immediately isolated and taken to medical facility as per health protocol.

6. All incoming Myanmar nationals who are fully vaccinated will be subjected to 10-day facility quarantine or hotel quarantine on arrival

7. All travellers with have laboratory evidence of absence of COVID-19 infection (RT-PCR) issued no more than 72 hours prior to departure will be tested for COVID-19 by RT-PCR on Day 1 and Day 9 during their quarantine period and will be required to pay for testing. Myanmar Nationals who stay in facility quarantine may be exempted from payment of RT-PCR laboratory testing fees. Travelers who did not have laboratory evidence of absence of COVID-19 infection (RT-PCR) issued no more than 72 hours prior to the date of

departure from the origin airport before boarding to any airline destined for Myanmar will be tested for COVID-19 by RT-PCR on Day 1, Day 3 and Day 9 during their quarantine period.

8. All diplomats and UN officials accredited to Myanmar and United Nations officials who have fully vaccinated with the list of vaccines approved by Ministry of Health for more than 14 days prior to travel date will be subjected to 10days quarantine on arrival.

a. Diplomats and UN officials who live in standalone houses will be allowed for home quarantine after testing negative by RT-PCR in day-1 and day-3 on arrival. After negative laboratory result, they will be allowed to stay in Home Quarantine and will be tested by RT-PCR on Day-9. The laboratory results must be reported to regional public health department.

b. Otherwise, theywill be subjected to hotel quarantine designated by the Ministry of Health on their arrival in Myanmar. They will be tested on COVID-19 by RT-PCR on Day 1 and Day 9 on arrival

c. Diplomats and UN officials will be classified as per Ministry of Foreign Affairs classification on diplomatic and UN status

d. If tested positive on COVID-19

   i. Diplomat and UN official who do not have signs and symptoms of COVID-19 shall be immediately isolated and taken to designated hotel/public or private medical facility/treatment centeras per Ministry of Health's protocol. Diplomat and UN official shall bear the medical cost and other costs related to isolation and treatment in designated facilities.

   ii. Diplomat and UN official who have signs and symptoms of COVID-19 shall be immediately isolated and taken to a public or private medical facility as per Ministry of Health's protocol. Diplomat and UN official shall bear the medical cost and other costs related to isolation and treatment in designated facilities.

9. Travellers who tested positive for COVID-19 shall be immediately isolated and taken to a medical facility/treatment center/hotelas per health protocol. Foreign nationals shall bear the medical cost and other costs related to isolation and treatment in designated medical facility/treatment center/hotel. Myanmar nationals shall bear the medical cost and other costs related to isolation and treatment in designated hotel.

**<u>Requirements for incomplete or non-vaccinated travellers</u>**

1. Foreigners are required to present laboratory evidence of absence of COVID-19 infection (RT-PCR) issued no more than 72 hours prior to the date of departure from the origin airport before boarding to any airline destined for Myanmar and to the airport upon arrival to Myanmar.

2. Travellers must submit health declaration card to Health officials present at the airport upon arrival to Myanmar.
3. Thermal screening would be carried out in respect of all the passengers by the Health officials present at the airport.
4. The travellers found to be symptomatic during screening shall be immediately isolated and taken to medical facility as per health protocol.
5. All incoming Myanmar nationals will be subjected to 14-day facility quarantine or hotel quarantine on arrival
6. All foreign nationals will be subjected to 14-day hotel quarantine on arrival.
7. All travellers will be tested for COVID-19 by RT-PCR on Day 1, Day 3and Day 11 during their quarantine period and will be required to pay for testing. Myanmar Nationals who stay in facility quarantine may be exempted from payment of RT-PCR laboratory testing fees.
8. All diplomats accredited to Myanmar and United Nations officials who have not fully vaccinated with the list of vaccines approved by Ministry of Health for more than 14 days prior to travel date will be subjected to 14 days quarantine on arrival.
   a. Diplomats and UN officials who live in standalone houses will be allowed for home quarantine after testing negative by RT-PCR in day-1 and day-3 on arrival. After negative laboratory result, they will be allowed to stay in Home Quarantine and will be tested by RT-PCR on Day-11. The laboratory results must be reported to regional public health department.
   b. Otherwise, they will be subjected to hotel quarantine designated by the Ministry of Health on their arrival in Myanmar. They will be tested on COVID-19 by RT-PCR on Day 1, Day 3 and Day 11 on arrival
   c. Diplomats and UN officials will be classified as per Ministry of Foreign Affairs classification on diplomatic and UN status
   d. If tested positive on COVID-19
      i. Diplomat and UN official who do not have signs and symptoms of COVID-19 shall be immediately isolated and taken to designated hotel/public or private medical facility/treatment center as per Ministry of Health's protocol. Diplomat and UN official shall bear the medical cost and other costs related to isolation and treatment in designated facilities.
      ii. Diplomat and UN official who have signs and symptoms of COVID-19 shall be immediately isolated and taken to a public or private medical facility as per Ministry of Health's protocol. Diplomat and UN official shall bear the medical cost and other costs related to isolation and treatment in designated facilities.

9. Travellers who tested positive for COVID-19 shall be immediately isolated and taken to a medical facility/treatment center/hotel as per health protocol. Foreign nationals shall bear the medical cost and other costs related to isolation and treatment in designated medical facility/treatment center/hotel. Myanmar nationals shall bear the medical cost and other costs related to isolation and treatment in designated hotel.

Special Arrangement

1. **Honorable guests and the foreigners coming to Myanmar for essential business and project by special flights should submit request letter to Central Committee on COVID-19 Treatment, Prevention and Control, Ministry of Foreign Affair and Ministry of Health for permission of fast-track mechanism not less than (5) working days to have sufficient time for official administrative process.**